# STREAM

## ငါးလုပ်ငန်းဆိုင်ရာ ပေါ်လစီအကျဉ်းချုပ်

www.streaminitiative.org

အကျဉ်းချုပ်ဖေါ်ပြခြင်း

**အမှတ်−၁**

ဖေဖော်ဝါရီ ၂၀၀၅

အကျဉ်းချုပ်အားဖြင့်

# ညှိနှိုင်းမှုဖြင့်သဘောတူညီမှုရယူခြင်း

ကိုစာ ၂ မျက်နှာဖြင့်ဖေါ်ပြခြင်း

**ဘာအကြောင်းကိုဖေါ်ပြပါသလဲ ?**

ငါးလုပ်ငန်းဆိုင်ရာပေါ်လစီပြောင်းလဲမှုတွင်သဘောတူညီမှုရယူခြင်းဖြစ်ပါသည်။

**သင်သည်**

ငါးလုပ်ငန်းဆိုင်ရာပေါ်လစီပြောင်းလဲရန်လိုအပ်ပါကဤစာစဉ်ကိုဖတ်ပါ။

**အောက်ပါအကြောင်းအရာများနှင့်ပတ်သက်၍လည်းသိရှိနိုင်ပါသည်**

- ငါးလုပ်ငန်းပေါ်လစီသက်ရောက်မှုရှိနေသောဒေသ၏အသက်မွေးဝမ်းကြောင်းမှုကိုသိရှိနားလည်နိုင်ပါသည်။
- လက်ရှိငါးလုပ်ငန်းပေါ်လစီကိုကျင့်သုံးလျက်ရှိကြသူများထံမှပြောင်းလဲမှုအတွက်အကြံပြုချက်များ၊ရှုမြင်သုံးသပ်ချက်များကိုရယူနိုင်ပါမည်။
- ဇာတ်လမ်းများဖြင့်တင်ပြခြင်း၊ကွင်းဆင်းလေ့လာခြင်း၊အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခြင်း၊အခြားဒေသများမှအတွေ့အကြုံသင်ခန်းစာရယူခြင်းဖြင့်အသိအမြင်များဖလှယ်နိုင်ကြပါသည်။
- ငါးလုပ်ငန်းပေါ်လစီပြုပြင်ပြောင်းလဲရန်ညှိနှိုင်းမှုဖြင့်သဘောတူညီမှုရယူရာတွင်

"အဆင့်အတန်းမခွဲခြားပဲပါဝင်ဆောင်ရွက်ခြင်း"

"သတင်းအချက်အလက်ပြည့်စုံစွာဖြင့်အကြိမ်ကြိမ်စုပေါင်းဆွေးနွေးခြင်း၊အကြံပြုခြင်း"

"အများပါဝင်ဆွေးနွေးခြင်း၊အများသဘောဆန္ဒကိုသဘောတူညီခြင်း"

အစုအဖွဲ့ကြီး/ငယ်များအတွင်းနည်းလမ်းတကျဖြစ်စေ၊အခါအားလျော်စွာဖြစ်စေဆောင်ရွက်ခြင်း။

ငါးလုပ်ငန်းပေါ်လစီကိုသော်လည်းကောင်း၊ပေါ်လစီချမှတ်သူနှင့်သော်လည်းကောင်း၊အကောင်အထည်ဖေါ်သူများနှင့်သော်လည်းကောင်းပါဝင်ပြောရေးဆိုခွင့်ရှိခြင်း၊ဆန္ဒသဘောထားလွတ်လပ်စွာဖေါ်ထုတနိုင်ခြင်း။

ငါးလုပ်ငန်းဆိုင်ရာပေါ်လစီကိုပြောင်းလဲပေးရန်ဦးစားပေးအစီအစဉ်ဖြင့်တင်ပြနိုင်ခြင်း။

**ဤစာစဉ်ပါအချက်အလက်များမှသင်သည်တစ်ခုတည်းကိုသာလုပ်နိုင်သည်ဆိုပါကအောက်ပါအကြောင်းအရာကိုဦးစားပေးဆောင်ရွက်ပါ။**

**ငါးလုပ်ငန်းပေါ်လစီကိုကျင့်သုံးလျက်ရှိကြသူများအနေဖြင့်ပေါ်လစီကိုပြုပြင်ပြောင်းလဲစေရာတွင်ပေါ်လစီချမှတ်သူများ၊အကောင်အထည်ဖေါ်သူများနှင့် ညှိနှိုင်းခြင်းဖြင့် သဘောတူညီမှုရယူပါ။**

## ခြုံငုံတင်ပြခြင်း

အသက်မွေးဝမ်းကြောင်းလုပ်ငန်းများတွင် ငါးလုပ်ငန်းဆိုင်ရာပေါ်လစီကိုအကျိုးရှိစွာသက်ရောက်မှုရှိစေရန်။

အများသုံးစွဲနိုင်သောသဘာဝသယံဇာတတည်ရှိခြင်းကိုအလွယ်နှင့်နားလည်သိရှိနိုင်မည်မဟုတ်ပါ။ ထို့အတူသယံဇာတအခြေအနေဆုတ်ယုတ်ဆိုးဝါးလာခြင်းနှင့်ကျင့်သုံးလျက်ရှိသောနည်းစနစ်နှင့် အသက်မွေးဝမ်းကြောင်းမှုအပေါ် ငါးလုပ်ငန်းပေါ်လစီများ၏အကောင်းဆုံးအကျိုးသက်ရောက်နိုင်မှုကိုလည်းအလွယ်နှင့်သိရှိနားလည်နိုင်မည်မဟုတ်ပါ။ လက်တွေ့လုပ်ငန်းခွင်မှသာလျှင်သိရှိနိုင်မည်ဖြစ်ပါသည်။ ထိုသို့သိရှိလာနိုင်ရန် ဆက်သွယ်မှုလမ်းကြောင်းတည်ဆောက်ရန်နည်းစနစ်များ၊ အခြေခံအချက်အလက်များနှင့်သင်တန်းများရှိနေပါသည်။

လူအများရပ်တည်မှုကိုနားလည်လာခြင်းနှင့်အတူအတွေ့အကြုံများအရလက်ရှိငါးလုပ်ငန်းပေါ်လစီ၏အကျိုးသက်ရောက်မှုနှင့်ပြုပြင်ပြောင်းလဲရန်၎င်းတို့၏အယူအဆသဘောထားကိုသိရှိနိုင်ပါသည်။

ငါးလုပ်ငန်းပေါ်လစီချမှတ်သူများ၊ အကောင်အထည်ဖေါ်သူများသည် တစ်ခါတစ်ရံပေါ်လစီအကျိုးသက်ရောက်ရာကျေးလက်ဒေသများနှင့်အလှမ်းဝေးလျက်ရှိပါသည်။ ဘာသာစကားတတ်ကျွမ်းမှု၊ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ လူမှုစီးပွါးရေးအခြေအနေများမှာအဟန့်အတားဖြစ်နေလေ့ရှိပါသည်။ ဤအခြေအနေတွင် သတင်းအချက်အလက်များလျင်မြန်စွာပေးပို့ဖြန့်ချိရန် နည်းလမ်းများစွာရှိနေပါသည်။ ဥပမာအားဖြင့် ရေလုပ်သားများ၊မွေးမြူသူများ၏ဘဝကိုရုပ်ရှင်ရိုက်ပြခြင်း၊ဇာတ်လမ်းတင်ပြခြင်း၊ကွင်းဆင်းလေ့လာခြင်း၊အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခြင်းဖြင့်ဆောင်ရွက်နိုင်ပါသည်။

- ငါးလုပ်ငန်းဥပဒေအကျိုးသက်ရောက်ရာဒေသသို့အရောက်သွားပြီး လက်ရှိအသက်မွေးဝမ်းကြောင်းမှုအခြေအနေနှင့်ထင်ဟပ်လေ့လာပါ။
- ရေလုပ်သားများထံမှလက်ရှိငါးလုပ်ငန်းပေါ်လစီအပေါ်ခံယူမှုသဘောထားနှင့် အကြံပြုချက်များ ပြုပြင်ပြောင်းလဲရန်အဆိုပြုချက်များကိုစုစည်းပါ။
- ဇာတ်လမ်းဇာတ်ကွက်များ၊ ကွင်းဆင်းလေ့လာမှုမှတ်တမ်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊အခြားသင်ခန်းစာများကိုမျှဝေပေးပါ။

→ ဤသို့အားဖြင့် ငါးလုပ်ငန်းပေါ်လစီ၏အကျိုးဖြစ်ထွန်းမှုကိုဖေါ်ထုတ်နိုင်သောအဓိကသော့ချက်ကိုနားလည်လာနိုင်မည်ဖြစ်ပါသည်။ ထို့အတူ အသစ်ဖြစ်ပေါ်လာသည့်ပေါ်လစီများ၊ ပြုပြင်ပြောင်းလဲရန်လိုအပ်ချက်များကိုလည်းသိရှိလာမည်ဖြစ်ပါသည်။

## ငါးလုပ်ငန်းပေါ်လစီပြုပြင်ပြောင်းလဲရန်ညှိနှိုင်းမှုဖြင့်သဘောတူညီမှုရယူခြင်းကိုရှင်းလင်းဖော်ပြခြင်း

အများသဘောတူအဆိုပြုချက်များကို ပေါ်လစီအဖြစ်ပြောင်းလဲရန် ဆုံးဖြတ်ချရာတွင် ညှိနှိုင်းမှုများဖြင့် သဘောတူညီမှုရယူရပါမည်။ ဤညှိနှိုင်းမှုဖြင့်သဘောတူညီမှုရယူခြင်း လုပ်ငန်းစဉ်သည် ဆုံးဖြတ်ချက်တစ်ခုချမှတ်ရာတွင် နိုင်ငံရေးအရသော်လည်းကောင်း၊ တောင်းဆိုသူများ၏ပတ်ဝန်းကျင်၌သော်လည်းကောင်း များစွာအကျိုးဖြစ်ထွန်းစေပါမည်။ ဆုံးဖြတ်ချက်ချရာတွင်အတိုက်အခံပြုသူများ၏ကန့်ကွက်မှုများပြင်းပြင်းထန်ထန်ရှိလာသောအခါ၌လည်း အစုအဖွဲ့အတွင်းဆွေးနွေးခြင်းဖြင့် ကျော်လွှားနိုင်မည်ဖြစ်ပါသည်။

### ပြောင်းလဲမှုအတွက်ညှိနှိုင်းခြင်းဖြင့်သဘောတူညီမှုရယူပါ။

အဆင့်အသီးသီးမှပေါ်လစီချမှတ်သူများ၊ ကျင့်သုံးသူများပါဝင်သောအုပ်စုတွင်းဆွေးနွေးပွဲများပြုလုပ်ပါ။အစည်းအဝေးသို့တက်ရောက်လာကြသူများအချင်းချင်းမည်သူမည်ဝါဖြစ်သည်ကိုသိရှိရန်လိုအပ်ပါသည်။ သီးခြားဆောင်ရွက်ခွင့်ပေးပါ။ သတင်းအချက်အလက်များ၊ ရွေးချယ်မှုများကိုအမည်ဖော်ထုတ်ရန်မလိုအပ်ပဲ အခမ်းအနားမှူးကတစ်ဆင့်ဖော်ရန်ဖြစ်ပါသည်။

အခမ်းအနားမှူးသည် အစည်းအဝေး၏အခြေခံအကြောင်းအရာအချက်အလက်များ၊ ငါးလုပ်ငန်းပေါ်လစီပြုပြင်ရန်လိုအပ်ချက်(ကြိုတင်ရယူထားရန်)များ ကိုစုစည်းတင်ပြရမည်ဖြစ်ပါသည်။ အစည်းအဝေးတက်ရောက်လာသူများကိုပြောင်းလဲရမည့်ပေါ်လစီနှင့်ပတ်သက်၍ဦးစားပေးအလိုက်ဖော်ပြရန်ဆောင်ရွက်ပါ။ တင်ပြချက်များကိုစုစည်းပြီး အများနားလည်ရန်ပြန်လည်ရှင်းပြပါ။ အစည်းအဝေးတက်ရောက်လာသူများသည်မိမိတို့အမည်ဖော်ပြရန်မလိုပဲ သဘောတူညီ/မညီကိုဖော်ထုတ်နိုင်ကြပါသည်။ အခမ်းအနားမှူးသည် နောက်ဆုံးပေါ်ထွက်လာသောညှိနှိုင်းသဘောတူညီမှုကိုထုတ်ဖော်ရှင်းပြရပါမည်။ ထိုအခါ ဆုံးဖြတ်ချက်အပေါ်သဘောထားကွဲလွဲခဲ့သူများ အနေဖြင့်လည်း နားလည်သဘောပေါက်မှုရှိလာပြီး ၄င်းတို့၏အမြင်အသိကိုပြောင်းလဲလာကြမည်ဖြစ်ပါသည်။

→ ဤသို့အားဖြင့် အဖွဲ့ဝင်များသည်မိမိတို့သဘောထားကိုဖော်ထုတ်နိုင်ကြပြီး အခြားတင်ပြချက်များကိုလည်း ရှုမြင်သုံးသပ်နိုင်ကြမည်ဖြစ်ပါသည်။ ဤသို့ဖြစ်လာစေရန် ရာထူးအဆင့်အတန်းနှင့် အခြားလွှမ်းမိုးမှုအခြေအနေများကို ဖယ်ရှားထားရမည်ဖြစ်ပါသည်။

**အပြန်အလှန်ဆွေးနွေးမှုများကို ၄ ကြိမ်အထိပြုလုပ်ပြီးတူညီသောသဘောထားများကိုရွေးချယ်ရန်ဖြစ်ပါသည်။**

→ ကျေးလက်လူထုများ၏တောင်းဆိုချက်များကိုအခြေခံပြီး ပြုပြင်ပြောင်းလဲရန်အဆိုပြုရမည်ဖြစ်ပါသည်။ ညှိနှိုင်းခြင်း၊ ပုဂ္ဂိုလ်ရေးအရမဟုတ်သောတင်ပြချက်နှင့်မှန်ကန်သောသတင်းအချက်အလက်များသည်ပေါ်လစီချမှတ်သူများနှင့်အကောင်အထည်ဖော်သူများအား မိမိတို့နှင့်အတူပါဝင်ဆောင်ရွက်လာရန် အထောက်အကူဖြစ်စေပါသည်။

ဤနည်းအားဖြင့် ပြုပြင်ပြောင်းလဲရန်လိုအပ်သော ငါးလုပ်ငန်းပေါ်လစီများကို ဦးစားပေးအလိုက်ဖော်ပြနိုင်ပါသည်။ အခြေခံမှစတင်ပြပြီးပေါ်လစီချမှတ်သူများနှင့်အကောင်အထည်ဖော်သူများ၏သဘောတူမှုညီမှုဖြင့် ပြုပြင်ပြောင်းလဲမှုအတွက်ဆုံးဖြတ်နိုင်ပါမည်။

**ဆက်စပ်လေ့လာရန်အထောက်အထားအကိုးအကားများ**

- **R8100 Investigating Improved Policy on Aquaculture Service Provision to Poor People** စါတမ်း ၁၂ စောင် (ISBN 974-7313-63-4) http://www.streaminitiative.org/Library/India/india.html
- **R8334 Promoting the Pro-Poor Policy Lessons of R8100 with Key Policy Actors in India** စါတမ်း ၈ စောင် http://www.streaminitiative.org/Library/pdf/pdf-india/StakeholdersMeeting.pdf

**မည်သို့ဖြစ်ပေါ်လာသနည်း?**

ငါးလုပ်ငန်းဆိုင်ရာပေါ်လစီအကျဉ်းချုပ်စာစဉ်များကို "ဒေသတွင်းရေနေသယံဇာတထိန်းသိမ်းစောင့်ရှောက်ခြင်းအထောက်အကူပြုအစပျိုးလုပ်ငန်း Support to Regional Aquatic Resources Management (STREAM)" မှပြုစုရေးသားလျက်ရှိပါသည်။ STREAM သည် NACA ၏လုပ်ငန်းအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

ငါးလုပ်ငန်းဆိုင်ရာပေါ်လစီအကျဉ်းချုပ်စာစဉ်အမှတ်(၁)ကို Consensus Building (ညှိနှိုင်းမှုမှသဘောတူညီမှုရယူခြင်း)ဖြစ်ပါတယ်။ UK အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးရုံးပုံငွေနဲ့ဆောင်ရွက်သော သဘာဝသယံဇာတ ထိန်းသိမ်းစောင့်ရှောက်ခြင်းအစီအစဉ် DFID Natural Resources Systems Program အရ အိန္ဒိယနိုင်ငံမှာ အကောင်အထည်ဖော်ခဲ့တဲ့ R8100 " Investigating Improved Polivy on Aquaculture Service Provision to Poor People" မှကောက်နှုတ်ပြုစုပါသည်။ စီမံကိန်း ကို ၂၀၀၂မတ်လက ၂၀၀၃၊ ဧပြီလအထိ အိန္ဒိယ မှာဆောင်ရွက်ခဲ့စဉ် မွေးမြူသူများ ရေလုပ်သားများ၊ ကျေးလက်မြို့ပြ ခရိုင်ပြည်နယ်တိုင်းနှင့် အိန္ဒိယနိုင်ငံမှ ဌာနဆိုင်ရာများ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်တွေ့ကြုံခဲ့ရသောလက်တွေ့ဖြစ်စဉ်များမှကောက်နှုတ်ထားခြင်းဖြစ်ပါသည်။ ကျေးလက်များဖွံ့ဖြိုးတိုးတက်ရေး အတွက်ပိုမိုကောင်းမွန်သော နည်းစနစ်များဖော်ထုတ်ရန်စမ်းသပ်မှုများဆောင်ရွက်ခဲ့ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးတွင် ငါးမွေးမြူရေးလုပ်ငန်းကပံ့ပိုးနိုင်မှုစွမ်းရည်ကိုဖော်ထုတ်ရန်ဖြစ်ပါသည်။
ပိုမိုစိရှိလိုပါက www.streaminitiative.org/Library/India/india.html သို့ဆက်သွယ်နိုင်ပါသည်။ သို့မဟုတ်အောက်ပါလိပ်စါသို့လည်းဆက်သွယ်နိုင်ပါသည်။

STREAM, NACA, Suraswadi Bldg, DOF Complex, Kasetsart University, Ladyao, Jatujak, Bangkok 10900 THAILAND, Fax (662) 561-1727, Tel (662) 561-1728